

ကိုကို ကံရာဏ
ဝင်းဝင်းနွဲ့ (သာယာဝတီ)

## အခန်း (၁)

ဒေါသခိုးလျှံ၍ မီးဝင်းဝင်းတောက်မတတ် စူးရဲသော ကိုကို့အကြည့်ကို စုစုထား မခံနိုင်။

သည်အကြည့် မရုတ်သိမ်းမီ ကြမ်းတမ်းသော စကားလုံးများကို ကိုကို့နှုတ်မှ တသီကြီး ထွက်ကျလာတတ်မြဲ ဖြစ်သည်ကိုလည်း စုစုထား သိနှင့်သည်။

"မင်း...မင်းလေ ငါ့ကိုမယူဘဲ မောင်မောင်လိုကောင်စားနဲ့ ညားခဲ့ဖို့ကောင်းတယ်။အလကား မိန်းမ"

တစ်ကိုယ်လုံး ကျင်ခနဲ တုန်ခါသွားသည်ဟု ခံစားလိုက်ရသည်။ ဦးခေါင်းမှသွေးတို့ ပွက်ပွက်ဆူရုံမက လျှံကျလာပြီထင်၏ ။ လက်ထဲက ချုပ်လက်စ ကလေးအကျီကို ထွေးလုံးကာ ကြမ်းပေါ်ပစ်ပေါက်ချ လိုက်မိသည်။ တစ်ချိန်လုံး ငုံ့ထားသောမျက်နှာသည် ဒေါနှင့်မာန်နှင့် ပင့်၍ မော့လာ၏ ။

မာနမျက်နှာ၊ မီးမျက်နှာ။

ကိုကို့ ဒေါသမျက်နှာကို စုစုထားက မာနမျက်နှာနှင့် တုံ့ပြန်တိုက်ခိုက်စပြုသည်။ အလျှံ တရဲရဲတက်နေသော မီးမျက်နှာနှစ်ခုသည် အိမ်ထောင်ရေးကို မည်မျှကြာကြာ လောင်မြိုက်ဦးမည် မသိ။

"ဘဝကို ဘယ်တော့မှ ကျေနပ်အားရနိုင်တယ်မရှိတဲ့ မိန်းမ။ နေ့စဉ်နှင့်အမျှ အလိုမကျချည်းဖြစ်နေတဲ့မိန်းမ။ ဒီ့လောက် အထွတ်အထိပ်မှာ ကြီးပွားချင်နေရက်နဲ့ ငါ့လိုကောင်မျိုးနဲ့ တစ်အိုးတစ်အိမ် ထူထောင်ဖို့ ဘာလို့ စိတ်ကူးခဲ့သေးလဲ။ ယူပါလား။ ရေကန်အသင့်ကြာအသင့် ဖန်တီးပေးနိုင်တဲ့လူမျိုး၊ ရွှေဘုံပေါ်မှာ တင်ထားနိုင်တဲ့လူမျိုး။ အခွင့်အရေးရမယ်ဆိုရင် ဘာမဆို မရှက်မကြောက် လုပ်မယ့်လူမျိုး။ စုစုထားရယ် တကယ်ပြောတာ မင်း ...

မောင်မောင်လို ကောင်စား ရှာယူခဲ့ဖို့ ကောင်းတာ”

ဒုတိယအကြိမ်မြောက် တစ်ကိုယ်လုံး တုန်ခါသွားရသည့်အဖြစ်ကို စုစုထား သည်းမခံနိုင် တော့။

“တော်နော် ... ကိုကို ... တော်။ စုစုပြောနေတာ ရွှေဘုံပေါ်မှာ မစံရလို့မှမဟုတ်တဲ့ဘဲ။ ကိုယ့်အိမ်ထောင်အားမရတိုင်း တစိမ်းယောကျ်ားတွေအားကျပြီး ထိုင်ပြစ်မှားနေတာမှမဟုတ်ဘဲ။ ကိုကို သဘောပေါက်သားနဲ့ အောက်တန်းစားလို သက်သက်မဲ့ စုစုကို လာရမ်းကားတယ်။ ဒီမှာကိုကို စုစုပြောနေတာ စုစုတို့ အိမ်ထောင်ရေးကိစ္စ။ ကိုကိုနဲ့ စုစုထားတို့ မွေးထားတဲ့ ကလေးသုံးယောက် ကိစ္စ။ ခုမကြာခင် လူ့လောကထဲဆွဲသွင်းပြီး ဒုက္ခတွေပုံပေးရဦးမယ့် လူဖြစ်ခါနီး ကလေးတစ်ယောက်ကိစ္စ သိရဲ့လား၊ မိသားစုစားဝတ်နေရေးကိစ္စ။ ရှေ့ရေးကိစ္စ။”

“ဟေ့ ... သိပ်ပုံကြီးချဲ့မနေစမ်းပါနဲ့ကွာ။ မနက်ထမင်း၊ ညထမင်း နပ်မှန်စားနေရရင် သိပ်ကံကောင်းတယ်မှတ်ပါ။ ရှေ့ရေးတွေ အနာဂတ်တွေနဲ့ ကြီးကြီးကျယ်ကျယ် စိတ်ကူးမယဉ်စမ်းပါနဲ့။ လုပ်စားရင်း မိုး ခေါင်နေတာပဲကွ။ မောင်မောင့်လိုကောင်မျိုး အားကျပြီး ငါနဲ့တော့ ဘယ်တော့မှ နှိုင်းမတွက်နဲ့ သိလား။ ခိုးစားတိုင်း ခွေးမဟောင်ပေမယ့် ငါလိုကောင်ကတော့ လျှာပေါ်မှာ မြက် ပေါက်ပါစေ”

ကိုကိုက ခါးသီးသောအကြည့်နှင့် တစ်ချက် စူးစူးဝါးဝါး ကြည့်ပစ်လိုက်ခါ စုစုထားကို ကျော ခိုင်းလှည့်ထွက်သွားတော့သည်။

စုစုထား၏ မီးမျက်နှာတွင် မဲ့ပြုံးတစ်ချက် လှစ်ခနဲ လက်လာ၏ ။

“လျှာပေါ်မှာ မြက်ပေါက်ပေစေ” တဲ့။

ရိုးတာလှပြီဖြစ်သော ပုံခိုင်းစကားကို ကိုကိုက ဆိုပြန်ချေပြီ။ ကိုကို့ လက်ရုံးနှစ်ဖက်မှာ သည်ပုံခိုင်းစကားကို ဝန်စည်သဖွယ် တနင့်တပိုး

ထမ်းပိုးမြဲမို့လည်း ကိုကို့ခြေလှမ်းတို့ အစဉ်လေး ကန့်နှောင့်နှေးခြင်းဖြစ်မည်။

သူတကာ "လျှင်" သလောက် ကိုကိုဖင့်နွှဲ့ရသည်ကို စုစုထား အားမလို အားမရဖြစ်ခဲ့သည် မှာ ကြာပြီ။ ကိုကို့အပေါ် အားမရတိုင်း စုစုထား နားပူနားဆာတိုက်ခဲ့သည်တော့ မှန်ပါ၏။

အထူးသဖြင့် မောင်မောင့်အကြောင်း စကားစပ်မိတိုင်း ကိုကို့အပေါ် အားမရနိုင်သည့် အငုံ စိတ်ကို စုစုထား မျိုသိပ်နိုင်စွမ်းမရှိ။ မောင်မောင်မိသားစု ကြီးပွားနေသည့်အကြောင်း၊ တောက်ပနေသည့်အကြောင်းတွေကို အားပါးတရ အရှည်အလျား တဖွဖွကြီးပြောဖြစ်သည်။

ပြီးတော့ ကိုကိုငြီးငွေ့၍ ထမသွားခင် ကိုယ့်မိသားစု လူတန်းမစေ့သေးသည့်အကြောင်း၊ သည့်ထက်ဆယ်ဆလောက်တိုး၍ ကြိုးစားပါမှ မောင်မောင်တို့အခြေအနေ တစ်ဝက်မျှလောက် မှီ နိုင်ကောင်းမည့်အကြောင်း၊ ကမန်းကတန်းပြောဖြစ်အောင် ပြောမိမြဲတည်း။

သည်လိုအခါတိုင်း ကိုကိုနှင့် ကတောက်ကဆဖြစ်ရာမှ သည်အိမ်တွင်းရေး ပဋိပက္ခသို့ တိုင်ခဲ့သော အကြိမ်ပေါင်း မနည်းတော့။

အခုတစ်လောမှာ အထူးသဖြင့် သည်စတုတ္ထမြောက် ရင်သွေးကိုယ်ဝန်လွယ်ရချိန်မှာ ကိုကို နှင့်ပို၍ ကတောက်ကဆဖြစ်ရသည်ဟု စုစုထား အမှတ်တရရှိနေ၏။

မပေါ့မပါးရှိမို့ စုစုထားကိုယ်ကလည်း စိတ်လှုပ်ရှားလွယ်သည်။ သွေးနုချိန် သားနုချိန်မို့ အသည်းကလည်း နုသည်။ ထိခိုက်လွယ်သည်နှင့်အမျှ ပွင့်ထွက်ပေါက်ကွဲမြန်သည်။

ခုပင်ကြည့်။

"ဟော ကြည့်စမ်း၊ မောင်မောင်ပါလားလို့။ ကိုကိုရေ ဟောဒီမှာ

မောင်မောင်လာတယ်”

ကြည်ပြာရောင် မာဇဒါပစ်ကပ်ကလေး ရှေ့ခန်းက မောင်မောင်ဆင်းလာသည်ဆိုလျှင်ဘဲ စုစုထားက လိုက်လှဲပျူငှာစွာ ကြိုဆိုမိသည်။ ကိုကိုကမူ သူ့ထုံးစံအတိုင်း စာရေးစားပွဲ စာအုပ်ပုံ ကြားက တော်တော်နှင့်မထ။

“ကိုကိုကော ထား”

စုစုထားကို “ထား” ဟူ၍ ထူးထူးခြားခြား ခေါ်သူမှာ တစ်လောကလုံးတွင် မောင်မောင် တစ်ယောက်သာရှိသည်။ မောင်မောင်လျှာဖျားမှ “ထား” ဟုခေါ်မြဲ အစဉ်အလာရှိသည်မှန်သော်လည်း၊ ကြားနေကျမဟုတ်၍ နားဝမှာ ရှတတဖြစ်နေ၏ ။ ကိုယ့်ကို တိုက်ရိုက်ပြောနေသည်နှင့်မတူ။ ရှိရင်းစွဲ ရင်းနှီးမှုကလေး ရုတ်ခြည်းလှုပ်ခါလျှောကျကာ ကြောင်စီစီယောင်နန ဖြစ်စေသည်ထင်၏ ။

ကိုကိုရှိရာကို အမူအရာဖြင့် မေးတစ်ချက်ဆတ်ပြကာ မောင်မောင့်ကားပေါ် လုတက်နေကြ သော သားသုံးကောင်ကို ပြေး၍ ဆွဲချရသည်။ ညနေပိုင်း ကျူရှင်သွားအံ့ဆဲဆဲ လွယ်အိတ်ကိုယ်စီ နှင့်။ တစ်ယောက်က ဒရိုင်ဘာခုံမှာထိုင်၊ ကျန်နှစ်ယောက်က ကားနောက်မြီးကို တွဲလွဲခိုလျက်။

အတော်ကြီး ချော့မော့ခြိမ်းခြောက်လိုက်၍ သူတို့သွားရမည့်လမ်းကို ဖြောင့်ဖြောင့်တန်း တန်း ထွက်သွားကြတော့မှ စုစုထားအိမ်ပေါ်တက်ခဲ့ရသည်။

“မင်း တယ်ရုပ်တဲ့ကောင်ကွာ၊ မင်းနဲ့ပတ်သက်ပြီး မင်းဆီရောက်လာတဲ့လူတွေကို သက်သက်မဲ့ ငါနဲ့ လာဆက်ပေးတယ်။ တောက် ...”

ကိုကို့တောက်ခေါက်သံသည် စာအုပ်ပုံကြားမှ ဟိန်းထွက်လာ၏ ။ မောင်မောင်က စားပွဲရှေ့ ကုလားထိုင်တွင် ခပ်လျှောလျှောထိုင်ရင်း ပြုံးကျဲကျဲနှင့် ကိုကို့ကို လေပြေထိုးနေသည်။

“နယ်ကလူတွေက ကိုကိုတို့ကိုလည်း တွေ့ချင်ကြတယ်။ တရရ နားပူလွန်းလို့ပါ ကိုကိုရ”

“အလှူက သန်ဘက်ခါဆိုတော့ အလှူပြီးပြီးချင်း ပြန်ကြမှာမို့ မနက်ဖြန်တစ်ရက်ပဲ ကိုကိုနဲ့ တွေ့နိုင်မှာ…”

“အေး … သေမတတ် တွေ့ချင်ကြတယ်ဆိုလည်း မင်းအလှူမှာ တွေ့နိုင်သားပဲကွ။ ငါ့အိမ် လာစရာ ဘာလိုလဲ။ မင့်ကွာ တော်တော် သောက်သုံးမကျတဲ့ကောင်”

ကိုကိုက လက်ထဲမှ ဖိတ်စာကတ်ပြားကလေးကို စားပွဲပေါ် ဖတ်ကနဲပစ်ချပြီး ဝုန်းခနဲထကာ နောက်ဖေးဘက်သို့ လှည့်ဝင်သွားတော့သည်။

မောင်မောင်က ပခုံးတစ်ချက်တွန့်ကာ ကိုကိုပစ်ချသွားသည့် ဖိတ်စာကတ်ပြားလေးကို ကောက်၍ စုစုထားကို လှမ်းပေးလိုက်၏ ။

“ထားရဲ့တူ တူမတွေ ရှင်ပြုနားသလေ၊ စက်ာပူကျောင်းတိုက်မှာ တရားနာမယ်။ ထားတို့ သားအမိတွေ ဆက်ဆက်လာရမယ် သိလား။ ကားလွှတ်ပေးမယ်”

ကြွေရောင်လက်နေသော ကတ်ပြားဖြူဖြူပေါ်မှ ဖောင်းကြွရွှေစာလုံးများကို စုစုထား ရတ်ခြည်းဖတ်မရ။

ပြုံးရောင်ဝင်းပျက်နေသည့် မောင်မောင့်မျက်နှာပေါ်မှ စရိုက်လက္ခဏာတို့ကိုသာ စုစုထား အလွယ်တကူဖတ်၍ ရလိုက်သည်။

ကိုယ့်ကိုကိုယ် ယုံရဲသူတို့မျက်နှာထား၊ လောကမှာ အောင်မြင်သူတို့မျက်နှာထား၊ လေသံ ဟန်ပန်မြင့်မားရုံမက မျက်လုံးအကြည့်ကိုက ဝံ့ဝံ့စားစား။

“ဒီလိုပုံပျက်ပန်းပျက်ကြီးနဲ့ လူတောထဲလာလို့ ဖြစ်မလား မောင်မောင်ရဲ့

ကိုကိုလာမှာပေါ့”

“အမလေး ထားကိုကို ဒေါသကုမ္ဘာရကြီးတော့ ခပ်လန့်လန့်ပါဗျာ ခုတောင်မတွေ့ဘူးလား မျက်နှာချင်းဆုံတာနဲ့ တဂျိန်းဂျိန်း”

“ထားနဲ့လည်း မျက်နှာချင်းကြာကြာဆုံတာနဲ့ တဂျိန်းဂျိန်းဆို”

စုစုထားက ခပ်ဟက်ဟက်ကလေး ရယ်ရင်း အဖြေကိုဝှေ့၍ လွှဲပစ်လိုက်သည်။

ခုတစ်လော ကိုကိုနှင့် မကြာခဏ ကတောက်ကဆဖြစ်ရသည်မှာ လူသိရှင်ကြားတည်း။ ခေါင်မိုးတစ်ခုတည်းအောက်တွင် နှစ်ဆယ့်လေးအိမ်ထောင်သော မိသားစုတို့ အုတ်နံရံတစ်ချပ်စီ ခြား၍ နေကြသော အစိုးရတိုက်ခန်းမို့လည်း တစ်ခန်းတွင် အပ်ကျသည်ကအစ ကျန်နှစ်ဆယ့်သုံး ခန်းလုံးက သိနိုင်သည်။ တစ်စ,စ ပန်းသတင်း လေညှင်းဆောင်သည်ထင့်။ ကိုကိုနှင့်စုစုထားတို့ အိမ်ထောင်ရေးပဋိပက္ခသည် မောင်မောင့်နားသို့ပင် ပေါက်ခဲ့ပြီး ရှက်သည်ဟု ဝန်မခံချင်သော်လည်း မောင်မောင့်ရှေ့ မှာ မျက်နှာတော့ နည်းနည်းနီချင်သည်။

“ကိုကိုက လူတစ်မျိုးပဲ ထားကို ကိုယ်ချင်းစာပါတယ်။ ဒီအိမ်ထောင်မှာ ထား သိပ်ပင်ပန်းနေတယ်ဆိုတာလည်း သိတယ်။ အေးလေ ...”

မောင်မောင့်အသံသည် တစ်စ,စ တိမ်ဝင်သွားကာ တစ်ဝက်တစ်ပျက်တွင် ရပ်နေ၏ ။ ဗြုန်း ကနဲ စုစုထား မျက်ရည်ဝဲလာသည်။ လှိုက်တက်လာသောရင်ကို ပွင့်ထွက်မသွားအောင် နှုတ်ခမ်း ကို တင်းတင်းကိုက်ထားရသည်။

“ဒီအိမ်ထောင်မှာ ထားသိပ်ပင်ပန်းနေတယ်ဆိုတာ သိတယ်” တဲ့။

ကိုကိုကတော့ “ဘဂကို ဘယ်တော့မှ ကျေနပ်နိုင်တယ်မရှိတဲ့မိန်းမ၊

ဘဝင်မြင့်ပြီး အောက် ခြေလွတ်နေတဲ့ မိန်းမ” ဟု မကြာခဏ စွပ်စွဲသည်။ တစ်ရံဆန်လောက်မှ စုစုထားအပေါ် နားမလည်နိုင်သည့် ကိုကို။ မောင်မောင့်ထံမှ ပျော့ပျောင်းသော ကရုဏာလေသံတို့ကို ကြားပြန်တော့ ကိုကို့ကို စိတ်ထဲမှာ မျက်ခနဲ နာချင်သည်။ အဟောင်းတွေ အသစ်ဖြစ်လာသည်။

“ထား ဘယ်မှာအပ်ထားလဲ”

ကိုယ်ဝန်ကို ရည်ရွယ်၍ မေးကြောင်း မောင်မောင့်မျက်လုံးများက သိသာစေသည်။ စုစုထား သည် ကျောက်ရပ်လိုရပ်နေရာက အနေအထားကို ရုက်ကိုးရုက်ကန်း ပြင်လိုက်မိသေး၏ ။

“ဂန္ဓိမှာ အရှေ့ပိုင်းဆေးရုံလေ”

ဗိုက်ဖုံးအကျႌရှေ့ပိုင်းအောက်နားက “ရိ” ၍ ပြနေသည့်နေရာကို လက်ဖြင့်ဆုပ်ထားရင်း အသံ ကတုန်ကယင်ဖြစ်နေသည်ကို စုစုထားသိသည်။ မောင်မောင့်ရှေ့မှာ ရပ်နေရသည့်အဖြစ်ကို စုစုထား မလုံလဲ။ မောင်မောင့်အကြည့်က စုစုထား တစ်ကိုယ်လုံးလွှမ်းရစ်ကာ အသက်ရှူကျပ်စေ သည်။

အချိုးအစားမကျသော ဗိုက်ဖုံးအင်္ကျီတိုနံ့နံ့ကလေးကို မသိမသာ ဆွဲချရင်း ရင်ထဲက လှိုက် တက်လာပြန်၏ ။ အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ကာ အင်္ကျီအနားစကို ကျစ်နေအောင် ဆုပ် ချေနေမိသည်။

“အိုဂျီ ဘယ်သူလဲ ထား”

“ဒေါက်တာ တင်တင်လှလို့ ပြောတာပဲ။ စုစုတို့က ရိုးရိုးအပ်တာပါ မောင်မောင်ရယ်”

စုစုထားသည် ဂမ်းနည်းလာကာ ငိုသံပါလာ၏ ။

“အိုဂျီနဲ့ စပါယ်ရှယ်အပ်မှပေါ့ ထားရဲ့၊ သားမွေးတယ်ဆိုတာ ပေါ့ဆလို့ရတဲ့ကိစ္စမှ မဟုတ်ပဲ ပြီးတော့ ထားက ဒါ လေးယောက်မြောက်နော်။

သိပ်ပင်ပန်းနေပြီ။ လေးယောက်ဆို မတော်ချင်သေးဘူးလား”

မျက်နှာပေါ်တွင် ရှိန်းခနဲပူသွားကာ ရတ်တရက်ဘာပြန်ဖြေရမည်မသိ။ စီးမိုးထားသော မောင်မောင့်အကြည့်ကိုလည်း မခံနိုင်တော့ကာ ခေါင်းကိုသာ ငုံ့စိုက်ချလိုက်ရသည်။

“ထားတို့အနေနဲ့ ရပ်လိုက်ဖို့ ကောင်းပြီ။ ဒီခေတ်မှာ သားသမီး သုံးယောက် လေးယောက်ပဲ အများဆုံးယူကြတယ်။ စီမံကိန်းမဲ့ မွေးချင်တိုင်းမွေးတဲ့ လူစားကလွဲရင်ပေ့ါလေ။”

စုစုထားသည် မောင်မောင့်မျက်နှာကို ဖျတ်ခနဲ မော်ကြည့်လိုက်မိ၏။ မောင်မောင့်စကား တွေထဲက “စီမံကိန်းမဲ့” ဆိုသော စကားတစ်လုံးကို စုစုထား သဘောကျသွားသည်။ သည်တစ်ခါ ကိုကိုနှင့် စကားများလျှင် ကိုကို့ကို တိုက်ခိုက်စရာ စကားလုံးလက်နက်တစ်ခု ရပြီဟူ၍ မှတ်လိုက် သည်။

“ထား ကိုကိုနဲ့လည်း တိုင်ပင်ဦးလေ။ အကူအညီလိုရင်ပြော ဟုတ်လား။ ရင်းနှီးတဲ့ သားဖွား မီးယပ်ပါရဂူတွေ ရှိတယ်။ အိမ်က မိခိုင်ဆိုရင် မီးနေသည်ဘဝက အငြိမ်းစားယူထားတာ သုံးနှစ်ရှိပြီ ကျန်းမာဖြိုး အလှတိုးလို့ပါဗျာ။ ထားလည်း စဉ်းစားပါ။ မြန်မြန်ဆုံးဖြတ်ပါ။ မီးမဖွားခင် တစ်ခါ တည်းဆုံးဖြတ်။ မီးဖွားပြီးတာနဲ့ တစ်ဆက်တည်း အကောင်အထည်ဖော်ရမှာ။ ကဲ - သွားတော့မယ် ထား။ သဘက်ခါ ကားလွှတ်မယ်နော်”

မောင်မောင်က စကားကို ရေပက်မဝင်အောင် ရွှန်းရွှန်းဝေအောင် ပြောတတ်သလောက် ဘယ်နေရာမှာ စကားစသိမ်းရ ဖြတ်ရမည်ကိုလည်း အကင်းပါးသည်။ မောင်မောင့်စကားတွေကို ဂရုစိုက်နားထောင်ကြည့်လျှင် သူပြောချင်သည့် အချက်အလက်စုံကို ထောင့်စေ့အောင် နားဝင် အောင် ပြောတတ်မြဲတည်း။

ပါးစပ်ဟသည်နှင့် ဘီလူးကြိမ်း ကြိမ်း၍ ကျားဟိန်းဟိန်းတတ်သော

ကိုကိုနှင့်မျှား ကွာပဲ့။

ကွာသမှ လူပုံလူဟန်ခြင်းကိုက ကွာခြားလှပြီ။

မောင်မောင်က ကိုကို့လို အသားမဖြူ။ သို့သော် မောင်မောင် အသားညိုပြာပြာက ကိုကို့ ထက် စိုပြေနုညက်သည်မှာ သိသိသာသာချည်း။

ဘယ်တော့ကြည့်ကြည့် တိုက်ပုံနှင့် မျက်မှန်အပုံ့စားနှင့်။ ခုတစ်လော ယောလုံချည်၊ ရခိုင် လုံချည်တွေချည်း ထည်လဲဝတ်နေသည်မှာ ကြာပြီ။ မောင်မောင့်ကို ကြည့်လိုက်လျှင် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့် အခန့်စားတည်း။ တကယ့်လူကြီးလူကောင်း ပုံစံအပြည့်။

ကိုကိုကတော့ ...

ဟင်း ... ကိုကိုကတော့ ပြောမပြောချင်။ ဘယ်တော့ကြည့်ကြည့် ဘိုသီဘတ်သီ။ စုတ်တိ စုတ်ဖွား၊ ဟိုတုန်းကတော့ သည်ကပိုကရို ဖွာလန်ကြဲကလေးကိုပဲ ချစ်စနိုးမိကာ ကိုကို့အပေါ် စုစုထား စိတ်ဝင်စားမိခဲ့သည် မှန်ပါ၏ ။ ဝန်ခံပါ၏ ။

အပျိုဘဝက စုစုထားဆိုသည့် မိန်းကလေးမှာ ကဗျာစပ်သူ၊ စာဖတ်သူပင်။ သည်တော့ ချစ်သူ ကြင်သူ မြတ်နိုးသူရယ်လို့ စိတ်ကူးအိပ်မက် ဖန်ဆင်းရာမှာပင် ကဗျာထဲ စာထဲက သြဇာတွေ လွှမ်းကဲနေသည်။

ကိုကိုနှင့်ပတ်သက်လျှင် သူ့နှလုံးသည်းညှာကို ဦးစွာနားလည်မြတ်နိုးမိပြီးမှ ရုပ်လက္ခဏာ သွင်ပြင်ကို တွေ့မြင်ရပါသည်ဟု မှန်သောသစ္စာစကားကို စုစုထားဆိုမည်။

မဂ္ဂဇင်းတွေမှာ လစဉ်ပါနေကျ ကိုကို့ဝတ္ထုများက စုစုထားအပေါ် အတော်ကြီး သြဇာလွှမ်းမိုး ခဲ့သည်။ တစွဲလန်းလန်း၊ တတမ်းမက်မက်၊ စောင့်လျက်ဖတ်ရသည်ကို အားမရချင်။ ဝတ္ထုဖတ်ခြင်း မွေ့လျော်သူတို့ ဓမ္မတာ

ဝတ္ထုဖတ်ရင်းက စာရေးဆရာ၏ နှလုံးသည်းညွှာကို ကြည်ညိုစိတ် လွှမ်းကဲလာသည်။ ကိုကို့အယူအဆ၊ ကိုကို့အတင်အပြ၊ ကိုကို့လောကအမြင်တွေကို စုစုထားလေးစား မကုန်နိုင်ဖြစ်လာသည်။ ကိုကို့အနုပညာမှာ စုစုထား တိမ်းမူးညွတ်နူးမိသည့်အဖြစ်ကို မိမိဘာသာ သတိထားမိလာတော့ ကိုကို့ထံ စုစုထားကပင် စတင်စာရေးဖြစ်သည်။

ကိုကို့ဝတ္ထုတွေကို စုစုထား တစ်ဝကြီး ဖတ်ပါရစေဟု။ မဂ္ဂဇင်းတွေမှာ မပြတ်တမ်းရေးပါ။ အခွင့်သင့်တိုင်း လုံးချင်းတွေလည်း ထုတ်ပါ။ ဖြစ်နိုင်လျှင် ကိုကို့ကလောင်ဖျားနှင့် တို့ကစားထားသည့် မင်ခြစ်ရာမှန်သမျှကိုပင် တစ်လုံးတစ်ပါဒ တစ်စက်တစ်ပေါက်မကျန် ဖတ်နိုင်ရသည်ကိုယ် ဖြစ်ရပါစေလို့ ... ဟု ပိုသည်ပဲ ဆိုဆို၊ မိန်းမက စသည်ပဲ ပြောပြော၊ ရင်ထဲရှိလျှင် မထိန်ချန်ချင်သည့် စုစုထား၏ စရိုက်ကလေးကြောင့်ပင်လျှင် ကိုကို့ဆီရောက်လာသမျှ မိတ်ဆက်စာအထောင်အသောင်းကြားမှာ စုစုထား၏ စာကို ကိုကို စိတ်ဝင်စားခဲ့ခြင်းဖြစ်မည်။

သို့နှယ် စာချင်းအတော်ကြာ အပြန်အလှန် ဆက်သွယ်ကာ သံယောဇဉ်ငြိတွယ်ပြီးမှ စာပေ ဟောပြောပွဲတစ်ခုမှာ လူချင်းဆုံဖြစ်သည်။

ဟောပြောပွဲ စင်မြင့်ပေါ် ကိုကိုတက်လာတော့ တိုက်ပုံအကျႌလက်တစ်ဖက်မှာ စွတ်လျက် တန်းလန်း တစ်တောင်နီးပါး ထွက်နေသော ပုဆိုးခါးပုံစနှင့် ဆံပင်ဖွာလန်ကြဲနှင့်။

ထိုစဉ်က ကိုကိုသည် အခြားစာရေးဆရာများနှယ် မိမိဝတ္ထုများအကြောင်း လုံးဝမပြော။ စာပေဝေဖန်ရေးကိုသာ အဓိက ဆွေးနွေးသွားသည်။ စုစုထားတစ်သက် မမေ့နိုင်သည်က ပထမဆုံး ကြားဖူးရသည့် ကိုကို့ဟောပြောချက်ထဲမှာ လေးနက်ရင့်ကျက်သည့် စာပေအယူအဆများ ပါသည်ပင်။ ခေတ်ပေါ် မြန်မာဝတ္ထုများနှင့်ပတ်သက်၍ ကိုကို သုံးသပ်တင်ပြသွားပုံမှာ ထောင့်စေ့သည်။ နှစ်လိုဖွယ်အသုံးအနှုန်းနှင့်

အားနည်းချက်များကို တရားသဖြင့် ညွှန်ပြသည်။

ကိုကို့ကို စာရေးရုံသက်သက်သာ ဝါသနာပါသော စာရေးဆရာမျိုးမဟုတ်၊ စာစုံဖတ်ခြင်း၊ မပြတ်လေ့လာခြင်း၊ စသည့် ခွန်အားသစ်များဖြင့် အစဉ်လန်းဆန်းနေမည့် စာသမားတစ်ဦးဖြစ်ကြောင်း စုစုထား နားလည်ခဲ့ရလေသည်။

သို့ကြောင့်လည်း ကပိုကရို ဖွာလန်ကြဲနေသော ကိုကို့ပုံစံမှာ စုစုထား ချစ်စနိုးဖွယ်ဖြစ်လာသည်။ ရင်ထဲမှာ ဘဝင်မကျချင်ရိုး မှန်ပေမည့်ဖြည့်၍ တွေးခဲ့သည်။

ဒဂုန်တာရာ၏ "ရုပ်ပုံလွှာ" ထဲမှ အကြိမ်ကြိမ်အထပ်ထပ် ဖတ်ဖူးခဲ့သည့် "အောင်ဆန်း သို့မဟုတ် အရိုင်း" ကို ဖျတ်ခနဲ သတိရသည်။ ဂျာနယ်ကျော်မမလေး၏ "သူလိုလူ" ထဲမှ ဂျာနယ် ကျော်ဦးချစ်မောင်၏ ပုံလွှာကို ရိပ်ခနဲမြင်ယောင်သည်။

အလှအပ၊ အသန့်အပြန့်ကို ဂရုမထားဘဲ ဖြစ်သလိုနေတတ်ထိုင်တတ်ရုံနှင့် လူ့တန်ဖိုး၊ လူ့ သိက္ခာလျော့ကျမသွားနိုင်ဟု စုစုထားက မာနကြီးစွာ လိုရာဆွဲ၍ တွေးခဲ့ဖူးပါ၏ ။

ခုတော့ ...

ခုတော့ ... ဝန်ခံရလျှင် ကိုကို့ကို မောင်မောင်နှယ် မြင်ချင်သည်ပင်။

တစ်ခုသာရှိသည်။ သိသိသာသာကြီး ထွက်စပြုနေသော မောင်မောင့်ဘီယာဗိုက်ကိုတော့ စုစုထား လုံးဝသဘောမကျချင်။ တစ်ခုကိုစမိလျှင် ကျန်တစ်ခုမှာ အလိုလို ကပ်ပါလာမြဲဖြစ်၏ ။ မောင်မောင့် အသောက်အစား၊ အပျော်အပါး သတင်းအချို့ကို စုစုထားလည်း ကြားဖူးခဲ့သားပင်။

သည်လိုဆိုပြန်တော့ ကိုကို့ကို ကျေးဇူးပင်တင်ရဦးမည်လား။ အသောက်အစားနှင့် အပျော်အပါးသည် ကိုကို့အတွက် မိတ်ဆွေမဖြစ်သလို

ရန်သူလည်းမဟုတ်ပါချေ။ တစ်ဦးနှင့်တစ်ဦး ဘာမှ မပတ်သက်သလို ဘာသိဘာသာနေကြသော သူစိမ်းများပမာတည်း။

သို့သော် ... ဒါပဲ၊ ဒါပါပဲ။ ဒါတစ်ခုကလွဲလျှင် ကိုကို့အပေါ် ကျေနပ်ဖွယ် စိုးစဉ်းမျှမရှိ။

မြင်ကွင်းမှ မောင်မောင်သော်လည်းကောင်း မောင်မောင့်ကားပြာလေးသည်လည်းကောင်း၊ တဖြည်းဖြည်းဝေး၍ ပျောက်ကွယ်သွားသည့်တိုင် တောက်ပတက်ကြွသော မောင်မောင့်အသွင် သဏ္ဍာန်များမှာ စုစုထား၏ အာရုံထဲမှာ တဝဲလည်လည် ထင်ကျန်ရစ်ဆဲတည်း။

အလိုလို ဖုထစ်လာသော ရင်ထဲက ဒဏ်ရာ။ တစ်စစ ဝေဒနာ။

"ဟော့ ထမင်းစားမယ်လေ။ ဒီမှာ ခူးခပ်ပြီးနေပြီ"

"ဟင်"

ကိုကိုက ခန်းဆီးကြားမှ ခေါင်းပြူကာ လှမ်းခေါ်နေ၏ ။ ရင်ထဲမှာ လှုပ်သွားသည်။ ကျားသား မိုးကြိုး။ ထမင်းပွဲကို သူကိုယ်တိုင် စိတ်လိုလက်ရ ပြင်ဆင်ခူးခပ်ပြီးနှင့်ပြီဆိုတော့။ မိမိကိုပင် တခုတ်တရ လှမ်းခေါ်ဖော်ရသည်ဆိုတော့ စိတ်ထဲမှာ တစ်ထစ်လျော့ပြေသွားကာ ရယ်ရွှင်ပြုံးပြဖြစ်လာ သည်။

"ဟိုကောင် ဘာတွေ လက်ချာရိုက်နေတာလဲ"

"ဩော် ... သူ့အလှူကို လာဖို့ပါ။ ကိုကိုကလည်း ဒေါချည်းပဲ ဒေါနဲ့မော်နဲ့ နောက်ဖေးဝင် သွားလို့ စုစုတောင် လန့်နေတာ။ လက်စသတ်တော့ ထမင်းပွဲ ပြင်နေတာကိုး"

စုစုထား ရယ်သံတစ်ဝက်နှင့် ကိုကို့ကို ကျီစယ်စကားဆိုလိုက်သည်။ လစ္စေ့လုနီး ကိုယ်ဝန် နှင့် ထမင်းစားပွဲဝိုင်း နိမ့်နိမ့်ကလေးတွင် ကျုံ့ကျုံ့ကွေးကွေး ဝင်ထိုင်ရသည်မှာ မလွယ်လှ။ အတတ်နိုင်ဆုံး သက်တောင့်သက်သာရှိအောင်

နေရာပြင်ထိုင်ရင်း လည်ချောင်းဝမှ “အင့်” ခနဲ အသံများပင် ထွက်လာသည်။

သို့တိုင် စုစုထား၏ စိတ်ထဲတွင် လွတ်လပ်ပေ့ါပါးနေ၏ ။ ကိုကိုပြင်ထားသော ထမင်းပွဲကို ကြည့်ရင်း ကြည်နူးစိတ်များ တရိပ်ရိပ်တက်လာသည်။

တစ်ခဏချင်း စီမံဖန်တီးလိုက်သော ကိုကို့လက်ရာ မြင်းခွါရွက်သုပ်ပန်းကန်သည်ပင် အထူး တလည် အံ့ဖွယ်ထွေပြားနေ၏ ။ မြေပဲဆန်ထောင်း၊ ကြက်သွန်ကြော်နိုင်နိုင်နှင့် စုစုထားသည် ကြာကြာတွေးမနေတော့ဘဲ မြင်းခွါရွက်သုပ်ကို ဇွန်းဖြင့်ခပ်ကာ ကိုကို့ထမင်းပန်းကန်ထဲ အရင်ဦးချလိုက် သည်။ ပြီးဆက်တိုက်ပင် နှစ်ဇွန်းသုံးဇွန်းတိုင်အောင်ခပ်၍ စားလိုက်မိသည်။

“အားပါး ဒေါသကုမ္ဘဏ်မြင်းခွါရွက်သုပ်ကလည်း ကောင်းမှ ကောင်းပါလား။”

စိတ်လက်ကြည်သာလျှင် ကိုကို့ကို ပြက်ချော်ချော်ထေ့၍ ခေါ်နေကျနာမည်နှင့် မြင်းခွါရွက်သုပ်ကို တွဲဖက်နာမည်တင်လိုက်ခါ စုစုထားသည် သူ့ဘာသာ သဘောကျနေ၏ ။ သူ့ရယ်သံနှင့်သူ ထွေးလုံးရစ်ပတ်ဖြစ်နေသည်။

အခါတိုင်း အသင့်ပြင်ပြီးသား ထမင်းပွဲကိုပင် စိတ်ပါလက်ပါ စားလေ့မရှိခဲ့သော ကိုကို။

ထမင်းစားတိုင်း စာတစ်အုပ်ကို ပေါင်ပေါ်တင်၍ ထမင်းတစ်ဝက်၊ စာတစ်ဝက်စားတတ်သောကိုကို။ ကောင်းသည် ဆိုးသည် တစ်ခွန်းမပြောဘဲ၊ ဘယ်သူ့မျက်နှာမှ တစ်ချက်မကြည့်ဘဲ စာတစ်အုပ်နှင့် စားချင်သလိုစား၍ ပြီးချင်သလို ပြီးတတ်သော ကိုကို။ ထမင်းပွဲကို အကြောင်းပြု၍ ကတောက်ကဆမှု၊ ပဋိပက္ခမှုကို ဖန်တီးမြဲ ကိုကို။

ခုလို စိတ်လိုလက်ရ ထမင်းပွဲကို သူကိုယ်တိုင်

ပြင်ဆင်ထားသည်ဆိုတော့ ဘယ်မှာ မအံ့သြနိုင်ဘဲ မကြည်နူးနိုင်ဘဲ ရှိတော့မည်လဲ။ ကြည့် ကြက်သွန်ဖြူ ဆယ့်လေးငါးလုံးခန့်ကိုပင် စိတ်ရှည်လက်ရှည် အခွံသင်၍ ရှာလကာရေရွဲ့ရွဲ့ ဆမ်းထားလိုက်သေးသည်။

"အမဲသား၊ ပဲကုလားဟင်းက ကလေးတွေအုပ်သွားတာ နည်းနေပြီလေ။ ဒါကြောင့် မြင်းခွါရွက်သုပ် သုပ်လိုက်တာ၊ စုစုက စံချိန်ပြည့်စားရမှာ၊ အသားနည်းတဲ့အခါ မြေပဲနဲ့အစားထိုး၊ ဟော ကြက်သွန်ဖြူလည်း များများစားပေးဖို့လိုတယ်။"

ကိုကိုက လက်ဆေးရေခွက်ကို ယူလာရင်း အာဟာရစီမံကိန်းအတွက် အမှာစကား ပြောစ ပြုသည်။

"ကိုကိုကလည်း မီးနေသည်မှ ကြက်သွန်ဖြူများများစားရတယ် ကြားဖူးပါတယ်။"

"အဲဒါက အစဉ်အလာ အယူအဆသက်သက်ကိုး ကြက်သွန်ဖြူရဲ့ အာနိသင်ကို နားမလည်ဘဲ အစဉ်အလာရှိလို့ စားနေကြတာ။ ကိုကိုပြောတာမယုံရင် ဟောဟိုအိပ်ရာဘေးက စာအုပ်စင် အောက်ဆုံးထပ်မှာ အမျိုးသား ဦးလှဒင်ပြုစုတဲ့ ကြက်သွန်ဖြူဆိုတဲ့ စာအုပ်ရှိတယ်။ ယူဖတ်လိုက် စုစုမှာလည်း တစ်နေ့တစ်နေ့ ဘဂကိုအလိုမကျ၊ လင်ကို အလိုမကျ၊ လောကကြီးကို အလိုမကျနဲ့ဘဲ စိတ်တ္တဇဖြစ်နေတာပဲ၊ စာလေးဘာလေး ဖတ်ပါဦး၊ လောကမှာ စာဖတ်ခြင်းလောက် ငြိမ်းချမ်းတာမရှိဘူးနော်။"

စုစုထားသည် နှုတ်ခမ်းနားရောက်နေသော ထမင်းလုတ်ကို ချက်ချင်းပြန်ချထားလိုက်ကာ ကိုကို့ကို မော့ကြည့်လိုက်မိ၏ ။ ပြောင်ချော် ရွှန်းပြက်နေသော အမူအရာကလေး ဖျတ်ခနဲ လွင့်စင် သွားသည်။

"ဒါတော့ ကိုကိုနဲ့ စုစု တူမှမတူတာကြီးကို၊ ကိုကိုက ငြိမ်းချမ်းမှုကို မြတ်နိုးပေမယ့် စုစုမှ မငြိမ်းချမ်းချင်တဲ့ဟာ"

“ယုံပါတယ် အမြဲတိုက်ခိုက်ချင်နေတယ်ဆိုတာကို၊ ဆူပူမှု ဖန်တီးဖို့အကြောင်းပဲ အမြဲရှာချင် နေတယ်ဆိုတာကို”

ကိုကိုက ထမင်းစားမပျက် ခပ်ပေ့ါပေ့ါ ပြောလိုက်လေသည်။ ခွင့်လွှတ်ထားနိုင်သော အပြစ်တင်စကားဆိုပုံမျိုး၊ ကိုကို့အမူအရာမှာ ပေါ်လွင်နေသည်။

စုစုထားကတော့ ကိုကို့လို မဟုတ်၊ တကယ့်ခံစားနေရသူဖြစ်ကာ ခံစားချက် တရှိန်ရှိန်တက်နေ၏ ။

“လူဆိုတာ အမြဲတိုက်ခိုက်နေမှ ကိုကိုရဲ့ လောကခံဆိုတာ ပဋိပက္ခပဲဆို။ လူဆိုတာ ပဋိ ပက္ခနဲ့ ဖွံ့ဖြိုးရမယ်ဆို။ ငြိမ်းချမ်းချင်ရင် လူတွေထဲ ဘယ်နေမလဲ။ တောထွက် ပြီး ဘုရားဖြစ်အောင် ကျင့်မှာပေ့ါ”

ကိုကိုက စုစုထားကို စူးစူးဝါးဝါး ကြည့်လိုက်သည်။ ကိုကို့မျက်လုံးများ အရောင်ထွက်စပြု လာ၏ ။

“ခွေးမ င့ါကိုယ်ငါ စိတ်ရှည်အောင် ကြိုးစားနေတာနော်။ တောက်တီးတောက်တဲ့တွေ လျှောက်ပြောမနေနဲ့”

“ဒါတောက်တီးတောက်တဲ့လား ကိုကိုရ စုစုရင်ထဲရှိတာ ပြောတာ”

အတွန့်တက်ဖြစ်အောင် တက်လိုက်မိပြီးမှ တစ်စုံတစ်ခုကို ပြန်၍ တွေးဖြစ်သည်။ ကိုကို့ မျက်နှာကို လှမ်းကြည့်ရင်း တရိပ်ရိပ်ပြုံးလာမိ၏ ။

“ဟင်း - ဟင်း - ကိုကိုစိတ်ရှည်အောင် ကြိုးစားနေတာကိုး ဒါကြောင့် မောင်မောင့်ကို ဒေါပွ ပြီး နောက်ဖေးဝင် မြေပဲတွေ ဒေါနဲ့မောနဲ့ ဖိထောင်းနေတာကိုး”

ကိုကို စားလက်စ ထမင်းပန်းကန်ကို ဆောင့်တွန်းပစ်လိုက်သည်။ ထမင်းပန်းကန်သည် လက်ဆေးရေဇလုံကို သွားတိုက်ကာ ရေများဘောင်ဘင်ခတ်၍

စားပွဲပေါ် ဖိတ်စင်ကျကုန်၏ ။

စုစုထားက စားပွဲပေါ်စီးကျနေသော ရေများနှင့်လွတ်အောင် နေရာပြင်ရင်း။

“ကိုကိုကလည်း ပြောရင်းဆိုရင်း ဒေါသပဲ ထွက်ချင်နေတာကိုး”

“ဘယ်သူက အလကားနေရင်း ဒေါသထွက်ချင်မလဲဟ”

ကိုကိုက ရေဇလုံတွင် လက်ကိုနှစ်ရင်း တအားကြုံးအော်လိုက်သည်။ ဆောင့်၍ ဆောင့်၍ ခါလိုက်သော ကိုကိုလက်မှ ရေစက်တို့သည် စုစုမျက်နှာကို တစ်ပေါက်ပေါက် လာ၍ စင်ကုန်၏ ။

“ငါ့ဟာငါ နေရင် ဘယ်တော့မှ ဒေါသမဖြစ်ဘူး။ သောက်သုံးမကျတာတွေက ငါ့လာလာ ပတ်သက်တော့ ဒေါသထွက်ရပြန်ရော”

မိမိကို တိုက်ရိုက်ပစ်လွှတ်လာသည့် ဒေါသမဟုတ်မှန်း သေချာသွားသည်မို့ စုစုထားက ထမင်းကို ဟန်မပျက် ဆက်စားနေလိုက်၏ ။ ကိုကို ဒေါသကုမ္ပဏီကတော့ လက်သုတ်နေပေပြီ။ ဒေါသကြောင့် ထမင်းပွဲ တစ်ဝက်တစ်ပျက်နှင့် ပျက်ရသည့်အခါပေါင်း စုစုထားတို့ အိမ်ထောင်ရေး မှာ မရေမတွက်နိုင်တော့။

“ပြောရင်လည်း ငါ့အလွန်ဖြစ်မယ်။ ကိုယ့်ဟာကို ရှည်ဝေးပြီး ဖိတ်ထားတဲ့ ဧည့်သည်တစ်အုပ်ကြီးကို မဆီမဆိုင် ငါ့အိမ်လာထိုးပို့မလို့တဲ့”

မျိုလက်စ ထမင်းလုတ်မှာ လည်ချောင်းဝတွင် နင်နေ၏ ။ မျက်ကလူးဆန်ပြာအကြည့်ဖြင့် ကိုကို့ကို လှမ်းကြည့်ရင်း ထမင်းလုတ်သံ ဗလုံးဗထွေးဖြင့် အရေးတကြီးမေးလိုက်မိသည်။

“မောင်မောင့် ဧည့်သည်လားဟင် တစ်အုပ်ကြီးတဲ့လား”

“အေးပေါ့ နယ်က ဆွေမျိုးတွေပေါ့ အလှူလာကြတာ”

စုစုထားသည် လည်ချောင်းရှင်းရန် ကုလားပဲဟင်းကိုသာ မဲ၍ ဖိသောက်နေမိ၏ ။ ရေထ မခပ်ဖြစ်။ မပေါ့မပါးမို့ ထိုင်ရထရသည်မှာ မလွယ်ချေ။

ကိုကိုကတော့ နံရံတွင် ကပ်မှီ၍ ခေါက်ထားသော ပက်လက်ကုလားထိုင်ကို ဆွဲဖြန့်ရင်း ဒေါသံမောသံနှင့် ဆက်ပြောနေသည်။

"ကိုယ့်ဟာကိုယ် ကြွားချင်လို့ ရှုပ်ထားတဲ့ကိစ္စ။ မောင်မောင်တစ်ယောက် ရန်ကုန်မှာ ကြီးပွားချမ်းသာနေပါတယ်ဆိုတာ သက်သက်ခေါ်ကြွားတဲ့ကိစ္စ။ ငါ့လာခုတုံး လုပ်တယ်။ အလှူရက် ဧည့်သည်များလို့ သူ့အိမ်ဆံ့တော့ ဒီလာထိုးချင်တာကို ကိုကို့ကို တွေ့ချင်ကြလို့လေး ဘာလေးနဲ့ လူလည်ကျတယ်။ ဒီကောင်စကားစတာနဲ့ ဘာလိုချင်တယ်ဆိုတာ သိပြီးသား"

"စုစုကိုတော့ ဘာမှပြောမသွားဘူးကိုကို၊ ဧည့်သည်တွေက ဘယ်တော့လာမှာတဲ့လဲ"

"နက်ဖြန်"

ပက်လက်ကုလားထိုင်ပေါ်တွင် ဆောင့်၍ မှီချရင်း ကိုကိုက တောက်တစ်ချက် ပြင်းပြင်း ခေါက်လိုက်သည်။

"ရုံးအားရက်မို့ အေးအေးဆေးဆေး စာရေးမယ်လို့ စီစဉ်ထားတာ ပျက်ပြီပေ့ါ။ ရှေ့ရောက်ရင် မီးနေသည်ပြုစုရဦးမှာနဲ့ ဘာနဲ့ မြောပါပြီ"

ကိုကိုသည် ရှူးရှူးရှားရှား ဒေါသမထိန်းနိုင် မသိမ်းနိုင်ဖြစ်နေ၏ ။ စုစုထားက ဘာမှဆက်မပြောတော့ဘဲ ထမင်းပွဲကို လက်စသတ်ကာ စိတ်မပါ့တပါ သိမ်းဆည်းနေမိသည်။

ဘာဖြစ်ဖြစ် အဓိက ကိုကိုစာရေးပျက်ရတာ အထိခိုက်ဆုံးပါပဲ။ ရုံးအလုပ်တာဝန်များပြားမှု၊ စာဖတ်ချင်စိတ်များ ထက်သန်များပြားမှု၊ အခိုင်အမာ သေရပ်သေချာလိုစိတ် များပြားမှုတို့ဖြင့် ကိုကိုသည် စုစုထားနှင့်

အိမ်ထောင်ကျပြီးကတည်းက စာရေးကျဲလာ၏။ လုံးချင်းဝတ္ထုများ ခေတ်ကောင်းနေချိန်တွင် ကိုကိုမှ တစ်နှစ်လုံးမှ တစ်အုပ်လောက်ရေးဖြစ်၏။

စာနယ်ဇင်းများမှာ ကြိုကြားကြိုကြားလည်း မရေးဖြစ်။ မရေးချင်တော့ဟု ဆိုသည်။ ရသ စာပေပုံသဏ္ဌာန်တွင် ပီပီပြင်ပြင် အဖတ်တင်နိုင်မည့် လုံးချင်းဝတ္ထုသာ ရေးလိုတော့သည်တဲ့။

ကိုကို့အယူအဆမို့ မစွက်ဖက်ချင်သော်လည်း ကိုကို့ကို စာများများ ရေးစေချင်သည်သာ။

လျှမ်းလျှမ်းတောက် ကျော်ကြားသော အများကြိုက်စာရေးဆရာ မဟုတ်သော်လည်း ကိုကို့ စာပေသိက္ခာမှာ စာပေလောကတွင် မနိမ့်ပါးလှ။ သည်အခြေအနေနှင့်ပဲ စာရေးဆရာ ကိုကို့ဇနီး သည်အဖြစ် စုစုထား ဂုဏ်ယူဝံ့ရဲပါသည်။

သို့သော် ကိုကို စာများများရေးဖြစ်အောင် အခြေအနေဖန်တီးပေးဖို့တော့ စုစုထားမှာ တာဝန်ရှိသည်လို့ ယုံစားသည်။

အကြောင်းကြောင်းကြောင့် စာမရေးဖြစ်နိုင်သည့်အထဲ ဩ့သည်တွေက ရောက်ဦးတော့မည်။

စုစုထားသည် လက်သုတ်ပုဝါကို ပန်းကန်စင်ပေါ် လွှားတင်လိုက်ကာ ထိုင်နေကျ ကြိမ်ခုံ ဝိုင်းကလေးကို သွားယူ၍ နံရံနား ကပ်ချလိုက်သည်။

သည်ခုံပေါ်မှာ အညောင်းပြေမှေးမှိုထိုင်ရင်း စောစောက ကလေးအကျချုပ်လက်စကို အပြီး သတ်ရပေဦးမည်။

စိတ်ကူးပျက်လာလျှင် အဝတ်ချုပ်၊ သို့မဟုတ် ရပ်ကွက်သမဆိုင်ကပေးသော ကျောက်ခဲသ လဲဖွဲဆန်ကွဲ ဆတူရောစပ်သည့်ဆန်ကို တစ်စကောကြီးထည့်၍ တဇပ်ဇပ်ငုံ့ကောက်နေလိုက်ချင် သည်။ အပ်ချုပ်ရင်း၊

စပါးလုံးကောက်ရင်း ရောက်တတ်ရာရာတွေးရသည်မှာ စိတ်သက်သာသည်။

လက်ထဲက ချုပ်လက်စကို ကြည့်လိုက်သည်။ မွေးကင်းစ ကလေးဝတ် လိပ်ပြာတောင် အကျႌလေးမှာ တော်တော် ရုပ်လုံးပီပြင်နေပြီ။ လည်ပင်းလုံး၍ တစ်ဆက်တည်း နောက်ကျောက ကြိုးကလေးနှစ်ဆ တပ်လိုက်ဖို့သာ လိုတော့သည်။

ရှန်သားအပြာရောင်ခံ အဖြူပြောက် အကျႌကလေးမှာ အသစ်စက်စက်မဟုတ်သော်လည်း အရောင်အသွေး အမှေးမှိန်လှ၊ အပျိုဘဝက ညဝတ်ဘလောက်ဖြစ်ခဲ့၍ ယခု မမွေးသေးသော ရင်သွေးငယ်အတွက် အကျႌအဖြစ် ပြန်လည်ဆန်းသစ်ရခြင်းတည်း။

ဘလောက်စ် ချုပ်ပြီးစဉ်က လည်ပင်းကျယ်လွန်းသည်ကို မဝံ့မရဲဖြစ်ခါ တစ်ခါနှစ်ခါမျှ ဝတ် ဖြစ်သည်ထင်၏ ။ ဆယ်နှစ်ကျော်မျှ သေတ္တာအောက်ဆုံးမှာ ညှပ်သပ်ပျောက်ဆုံးနေခဲ့သော အကျႌ ဖြစ်သည်။ တစ်နေ့ကမှ သေတ္တာရှင်းရင်း လက်မထပ်မီက ချစ်သူဘဂ ကိုကို့ ပေးစာဖိုင်တွဲကြားမှာ အမှတ်မထင်ပြန်တွေ့ခဲ့သည်။

ခုမှ ပြန်တွေ့တာပဲ ကောင်းသေးတော့သည်။ စောစောက တွေ့လျှင် စောစောကပင် သုံးမိ ပြီး၍ စုတ်ပြဲလောက်ရော့မည်။

အိမ်မှာတော့ မအေ့အကျႌမှသည် ကလေးအကျႌ၊ ခန်းဆီးမှသည် အိပ်ရာခင်း၊ ခြင်ထောင် အမိုးဟောင်းမှသည် ခေါင်းအုံးစွပ်၊ စားပွဲခင်းမှသည် လက်သုတ်ပုဝါ၊ နောက်တော့ ပုဆိုးဟောင်းမှ သည် လက်သုတ်ပုဝါ စသည် စသည်ဖြင့် ပြန်လည်ဆန်းသစ် ဖန်တီးရမြဲတည်း။

ခါးတွင် ဝတ်ထားသည့် ဗိုက်ဖုံးအကျႌကပင်လျှင် ကိုကို့ ပုဆိုးတစ်ပတ်ရစ်ကို ပြန်လည်ဆန်း သစ်ဖန်တီးထားခြင်းဖြစ်သည်။ အကြီးဆုံးကောင်လက်ထက်က သုံးလာခဲ့သော ဗိုက်ဖုံးအကျႌသုံးလေးထည်မှာ တတိယသားအထိတော့ လှုပ်လှုပ်ကပ်ကပ် ဝတ်လိုက်ရပေသား။ လေးနှစ်လောက်

ကလေးခြားသွားတော့ အိမ်နေရင်း ဝတ်စရာကလည်း နည်းသည်နှင့် ချဝတ်ပစ်လိုက်မိရာ တက်ထရွန်သားက ပိတ်စိမ်းပါးဘဂ ပြောင်းချေပြီ။ အကိုင်မခံချင်လောက်အောင်ပင် ရိချေပြီ။

သို့နှင့် ကိုကို့ပုဆိုး တစ်ပတ်ရစ်တစ်ထည်ကို ဗိုက်ဖုံးအကျႌနှစ်ထည်ရအောင် ခဲခဲယဥ်းယဥ်း ချုပ်ဝတ်လိုက်ရသည်။

ခက်သည်က ကိုယ်ဝန်ဆောင်ဗိုက်ကြီးဖြစ်၍ ဗိုက်ဖုံးအကျႌမဝတ်လျှင် တင့်တယ်သည်မထင် အကျႌနှင့်မဖုံးသော ထမီ မှီတမှီဝတ်ထားသော ဗိုက်ကတုံးကလေးတွေကို မြင်ရလျှင် အကြည့်ရဆိုး သည် ထင်၏။ ကြုန့်မွှေမဲ့သည် ထင်သည်။

သို့ကြောင့် ချုပ်ဖြစ်အောင်ချုပ်၍ ဝတ်ဖြစ်အောင်ဝတ်ခဲ့သည့် အကျႌ၊ ကြည့်-အောက်နားက ရိလှပြီ။ နောက်တစ်ခါနှစ်ခါ လျှော်လျှင်ပင် ဖွာလန်ကြဲတော့မည် ထင်သည်။

"ငမောင့်အလှူကို စုစုပဲသွားလိုက်၊ ကိုကို မအားဘူး။ သွားလည်း မသွားချင်ဘူး"

အကျႌလည်ပင်းကွပ်အနားစကို အပ်ဖျားကလေးနှင့်သိမ်းကာ ဝက်သိုးချုပ်နေရင်းက ကိုကို ရှိရာကို လှမ်းကြည့်လိုက်သည်။ ကိုကိုက စုစုထားကို လုံးဝမကြည့်ဘဲ ခေါင်းမိုးမျက်နှာကြက်ကိုသာ စိုက်ငေးနေလေသည်။

"စုစုလည်း မသွားချင်ပါဘူး ကိုကိုရယ်၊ ကားလွှတ်မယ်ပြောသွားတာပဲ ကိုကိုပဲ လိုက်သွား လိုက်ပါ။"

"ငါ မသွားချင်လို့ ပြောနေတာ၊ ကားလွှတ်မယ်ဆို ပိုလွယ်သားပဲ၊ စုစုသွားလိုက်ပါ။ ကြောင်ရင် သားကြီးဖြစ်ဖြစ် အဖော်ခေါ်သွားပေ့ါ။"

"ဩော် ... ကိုကိုကလည်းလေ"

စုစုထားက လေးလေးတွဲ့တွဲ့ ညည်းရုံမက သက်ပြင်းတစ်ချက်ပင် ကြိတ်ချလိုက်မိ၏။

"ကိုကိုကလေ ပြောချင်ရာသာ စွတ်ပြောနေတာပဲ၊ ဘာမှလည်း မသိဘဲနဲ့ စုစု ဘယ်လိုလုပ် သွားမလဲ ကိုကိုရဲ့၊ မိန်းမတစ်ယောက် အလှူသွားဖို့ဆိုတာ လွယ်တဲ့ကိစ္စမှတ်လို့၊ ကိုကိုတို့ ယောက်ျားတွေအဖို့သာ ဒီအတိုင်းထသွားလည်း ခေါင်းဝင်ကိုယ်ဆန့်တာ"

"ဘာလဲ ပြောင်ပြောင်လက်လက် ဝတ်ရေးစားရေးလား၊ ဘယ်သူတွေကကော ဘယ်လိုလာကြမှာမို့လဲ မိစုရယ်၊ ဒါ ရန်ကုန်အလှူပါ ကိုယ့်ရှိတာ ကိုယ်ဝတ်သွားပေါ့"

ခက်လိုက်သည့်ကိုကို စာသမားများ သည်အတိုင်းပဲ ထင်သည်။ သူတို့အမြင်များသည် သဘောတရားရေးအရ မှန်ကောင်းမှန်ပေမည်။ လက်တွေ့ဘဝနှင့် သီသီလွဲမြဲတည်း။

"ဟုတ်ပါတယ်။ အဲဒီ ကိုယ့်ရှိတာကိုယ်ဝတ်ဖို့ကိုကပဲ မလွယ်တာပေါ့ ကိုကိုရဲ့ စုစုမှာရှိတာ က ကိုကို့ပုဆိုးအစုတ်ကို ပြန်ချုပ်ထားတဲ့ ဗိုက်ဖုံးအကျႌနှစ်ထည်ရယ်၊ ခုဝတ်ထားတာ ကြည့်ပဲကြည့်ပါဦး။ ပုံမကျ ပန်းမကျ တိုနံ့နံ့နဲ့။ ကိုယ့်မိန်းမ ဘာရှိလို့ ဘာဝတ်တယ်ဆိုတာ ကိုကိုစိတ်လည်း မဝင်စားဘူး။ သိလည်း မသိဘူး။ အရမ်းအရမ်းသာ ပြောတတ်တာ။"

ကိုကို့မျက်လုံးများ ရိပ်ခနဲ ညို့သွားသည်ကို သတိထားလိုက်မိသည်။

"ပြောပါလား စုစုရယ် လိုနေတာကို ပြောမှသိမှာပေါ့။ ဝတ်စရာမရှိရင် ချုပ်ရမှာပေါ့။ အင်္ကျီ က ချုပ်လို့မီသေးတယ်မှတ်လား။ မနက်ဖြန် မိုးဝေမှာ ကိုကို စာမူခရစရာရှိတာ သွားထုတ်လိုက် မယ်လေ။"

ငိုရအခက်၊ ရယ်ရအခက်နှင့် စုစုထားသည် ခေါင်းနောက်လာ၏။ ကိုကို့စေတနာကို စုစုထား မသိတတ်၍ မဟုတ်၊ သိသည်။ ကိုကို့မေတ္တာကရုဏာကို

စုစုထား မခံစားတတ်၍ မဟုတ်၊ ကြည် ကြည်နူးနူးခံစားမိလိုက်သည်။

သို့သော် ပြောမှသိ၊ ထိမှနာ ဒါဆိုဒါပဲ စဉ်းစားတတ်သည့် လူစားဟု ရင့်ရင့်သီးသီးတွေး၍ ရင်ထဲမှာ ဆတ်ခနဲ ကျင်လာ၏။

"မချုပ်ပါဘူး။ စုစုက အကျႌအသစ် မချုပ်ရလို့ ရန်တွေ့နေတာမှ မဟုတ်တာ။ အလှူကို စုစု သွားဖို့ အဆင်မပြေတာကို ပြောတာပဲ။ ကိုကိုသွားသင့်တယ်ဆိုတာ သဘောပေါက်စေချင်လို့"

လေသံမှာ ပျော့ပျော့ပျောင်းပျောင်း မရှိသည်ကို ကိုယ့်ဘာသာ သတိထားမိသည်။ ရင်ထဲမှာ ပြောင်းဆန်အောင် လှုပ်ရှားနေကြသော မကျေနပ်မှုများ လေသံမှာ စီးမြောပွင့်ကန်လာ၏ ။ ရုတ် ခြည်းအရောင်ထွက်လာသော ကိုကို့မျက်လုံးများကလည်း ဒါကိုသိလိုက်ကြောင်း ဖော်ပြလာသည်။

"မင်း ငါ့ကို ကပ်ဖဲ့လုပ်ဖို့ ဆန့်ကျင်ဖို့ လူဖြစ်လာသလား။ စုစုရယ်။ ငါက အကောင်းပြောရင်လည်း မင်းကချည်း ရန်လုပ်နေတာပဲ။ ငါ ဘာလုပ်ရမလဲ စုစု၊ မင်းသဘောကျအောင် ငါ ဘာတွေ လုပ်ပေးရမှာလဲ။"

ဒေါ်သမြားဦးသည် စုစုထားဆီသို့ ဦးတည်လှည့်လာ၏ ။ စုစုထားက မိမိဖက်မှစ၍ စကားမှား မိလေသလားဟု သံသယမကင်းဖြစ်ကာ ခေါင်းငုံ့ရင်း ချုပ်လက်စအကျႌကို ဆက်ချုပ်နေလိုက် သည်။

"အကျႌဝတ်စရာမရှိဘူးဆိုလို့ ချုပ်ပါဆိုတော့လည်း မဟုတ်ရဘူး။ ငါ့ကို ဆန့်ကျင်ရပြီးရော ဆိုပြီး ကပ်ဖဲ့စကားတွေ လျှောက်ပြောနေတာပေ့ါ"

"ကပ်ဖဲ့ပြောတာမဟုတ်ဘူး ကိုကို၊ ကိုကိုက ဒါဆိုဒါပဲသိတာကိုး။ စုစုအကျႌသစ်ချုပ်ဖို့ အလှူ သွားဖို့ထက် အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတယ်ဆိုတာ ကိုကို သတိမရဘူးလား။ စုစုလေ ကိုကို့ကို ပြဿနာတွေ မတင်ချင်ပါဘူး အားလည်း နာပါတယ်။ တော်ရုံတန်ရုံလည်း ကိုကို့ဘာသာသိဖို့ ကောင်းပါတယ်။ စုစုက

အားနာလို့ မပြော။ ကိုကိုကလည်း နေရပြီးရော ဆိုပြီး နေနေတာပဲ။ အိမ် မှာ ဘာတစ်ခုမှ စိတ်မဝင်စားသလိုပဲ”

“ဟ … ဒါလောက် နေ့ရှိသရွေ့ နွားလို ကုန်းရုန်းနေတာတောင် စိတ်မဝင်စားဘူး ပြောသေးလား။ ရှာလို့ရသမျှ တစ်ပြားမကျန် အကုန်အပ်နေတဲ့အပြင် ထွက်ဓားပြတိုက် ကျွေးရဦးမှာလား”

ကြုံး၍ အော်လိုက်သော ကိုကို့အသံက တိုက်သံဟိန်း၍ ပတ်ဝန်းကျင်အတော်လှမ်းလှမ်း အထိ ပြန့်လောက်သည်။ သည်လိုနှင့် အနည်းဆုံး ဟိုဘက်ခန်း သည်ဘက်ခန်းကတော့ စုစုထား တို့လင်မယား ပဋိပက္ခကို နားတစွင့်စွင့်ရှိရော့မည်။ စုစုထားက ကိုကို အော်ကြီးဟစ်ကျယ်ဖြစ်သည်ကို သည်းခြေမကြိုက်၊ ထို့ထက် ကိုကို့စကားလုံး အသုံးအနှုန်းကို ရွံ့မုန်းသည်။

နွားလို ရုန်းကျွေးရသည်။ ကြက်လို ယက်ရှာရသည်။ စသည်ဖြင့် အိမ်ရှင်မအပေါ် အလိုမကျသည့် ယောကျ်ားတိုင်း စကားနာထိုးနေကြ အသုံးအနှုန်းကို စုစုထား ရွံ့မုန်းသည်။

နွားလိုပဲ ရုန်းရုန်း ကြက်လိုပဲ ယက်ယက် ကေသရာဇာခြင်္သေ့မင်းနှယ်၊ သိန္နော်မြင်းနှယ်၊ ရတနာကြန်စုံ ဆဒ္ဒန်ဆင်မင်းနှယ် ရှာသည်လို့ တခမ်းတနား ဆိုဦးတော့ ဘာထူးမည်နည်း။

လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို စကားလုံးအားကိုးနှင့် အချေအတင်ဖြစ်ရသည်မှာ ဦးတည်ချက်ပျောက်ဖို့သာရှိသည်။

စကားစစ်ပွဲ အလီလီနွှဲ၍ အတွေ့အကြုံများလှပြီဖြစ်သော စုစုထားက သည်တစ်ခါတော့ စကားကျမကောက်မိအောင် သတိထားလိုက်လေသည်။

“ကိုယ့်အခြေအနေမှန် မစဉ်းစားဘဲ ပြောချင်ရာ စွတ်ပြောနေတာကိုး။ ကိုကိုက အကျႌဝတ် စရာမရှိရင် အသစ်ချုပ်ပေါ့လို့ ကိုကိုပြောတော့ ကြားရတာ ကောင်းပါတယ်။ မရှိတိုင်း ချုပ်နိုင်ရင် တစ်အိမ်လုံး ခုလို စုတ်ပြတ်မနေဘူး”

"ခု မချုပ်နိုင်ရအောင် ငါက ကြားကောင်းရုံ ပြောတာမို့လားပြောပြီကော မိုးဝေစာမူခထုတ် လိုက်ပါ့မယ်လို့။ ပန်းဆိုးတန်းက ကိုဝင်းတင့်ဆိုင်မှာ ငါမှာထားတဲ့စာအုပ်တွေ မယူနိုင်သေးဘူးလို့ ပြောလိုက်မယ်။ မင်းစိတ်ချမ်းသာမယ်ဆိုရင် ပြီးရော။ ငါ့အတွက် လုံးဝမစဉ်းစားဘူး နေပေ့စေ။"

ရင်ထဲငုပ်နေသော ဒေါသအညှောင့်လေး လုပ်ခနဲပြူလာ၏ ။ စုစုထား မငြိုသိပ်နိုင်တော့။

အကျႌမချုပ်နိုင်သူထက် စာအုပ်မဝယ်ဖြစ်သူက ပိုပြီးကြေကွဲနေသည်ထင့်။ လေသံက အစွန့်လွှတ်ကြီးစွန့်လွှတ်လိုက်ရသည့်ပုံ၊ ဦးစားပေးကြီး ပေးလိုက်ရသည့်ပုံ။

"လာပြန်ပြီ ဒီမိုးဝေစာမူခ၊ ဝယ်ပါကိုကို မှာထားတဲ့စာအုပ် ဝယ်ဖြစ်အောင်ဝယ်။ ဒီစာမူခနဲ့ အကျႌချုပ်မယ်လို့ စုစုဘယ်တုန်းကမှ စိတ်မကူးဖူး သိလား။ ကိုကိုသာ မရခင်ထဲက စာအုပ်ဝယ်ဖို့ မှန်းပြီးသားမဟုတ်လား။ ကိုဝင်းတင့်ဆီ မှာထားတာ မယူလို့ ကောင်းတော့မလား၊ သွားသာယူ မနက်ဖြန် ကိုကို့ဆွေမျိုးတွေလာတော့ အဲဒီ ကိုကို့စာအုပ်တွေပဲ ချက်ကျွေးပစ်လိုက်မယ်။ ညပြန် မနက်ပြန် စာအုပ်ထမင်း၊ စာအုပ်ဟင်း ..."

"ဒုန်း ..."

ကိုကိုက ထိုင်ရာမှထကာ ပက်လက်ကုလားထိုင်ကို ဒုန်းခနဲ ဆောင့်ကန်လိုက်ပြီး အိမ်ရှေ့ သို့ထွက်သွားတော့သည်။ စုစုထားသည် မချင့်မရဲ ပိုဖြစ်လာ၏ ။

"ပြောချင်ရာ ပြောပြီးရင် အဲဒီ လို အနိုင်နဲ့ပိုင်းပြီး ရှောင်ထွက်ဖို့ပဲ ကိုကိုတတ်တယ်။ ဒါကြောင့် ဒီအိမ်မှာ ပြောင်ပြောင်ရောင်ရောင် မရှိတာပဲ။ သူများပြောစကားကို အရေးတယူ နားလည်းမထောင်ဘူး။ စိတ်လည်း မဝင်စားဘူး။ အားရင် စာဖတ်ဖို့ စာဖတ်ဖို့ ဒါပဲ တစ်အိမ်လုံးလည်း ဖတ်လို့ မကုန်နိုင်တဲ့ စာအုပ်၊

ဝယ်လို့မဆုံးနိုင်တဲ့ စာအုပ်၊ စာအုပ်ပဲ ပြစရာရှိတယ်။ ကိုကို့မှာတော့ စာအုပ်တွေ ဝယ်ချင်သလောက်ဝယ်ပြီး စာဖတ်ချင်သလောက် ဖတ်နေရင် ပြည့်စုံနေတာပဲ။ အိမ်မှာ တခြားလူမှုရေး လိုအပ်ချက်တွေကိုတော့ ဘာမှ ပြန်မကြည့်ဘူး။ စုစုတော့ အိမ်ကို လူလာမှာ သိပ် ကြောက်တာပဲ။ အထူးသဖြင့် ဆွေမျိုးတွေလာမှာ ပိုကြောက်တယ်။ ပစိပစပ်က ခပ်များများ၊ ကိုကို က ဘာမှမသိ၊ ဟင်း ... နက်ဖြန်ကျရင်တော့ တွေ့ရပါလိမ့်မယ်။ မောင်မောင့်အလှူ လာသမျှဆွေမျိုးတွေက ကိုကို့အိမ်တည်းပြီး မဲ့လိုက်ရွဲ့လိုက်မဲ့ဖြစ်ခြင်း၊ ဘာပဲဖြစ်ဖြစ် ကိုယ်က အားနည်းချက်ရှိတာကိုး ခံရတော့မှာပဲ၊ မောင်မောင့်ကိုလည်း ဧည့်သည်ခေါ်လာရမလားလို့ ဒေါ်ပွစရာမလိုဘူး။ ဆွေမျိုးတော်မှတော့ အဝင်အထွက်ရှိမှာပေ့ါ။ သူကတော့ အိမ် 'သာ' တော့ ဧည့်သည်လာစေချင် မှာပေ့ါ၊ မဆန်းပါဘူး။ ကိုယ်ကသာ သူ့လို အိမ် 'သာ' အောင် မဖန်တီးနိုင်တာ၊ စုစုသိပ်ရှက်တာပဲ"

ပြစ်တောက်ပြစ်တောက် ပြောရင်း ရင်ထဲမှာ ပေ့ါသွားသည်မရှိ၊ ဒေါသသည် တရှိန်ရှိန် တောက်နေ၏ ။ ကိုကို့ထံမှ တစ်စုံတစ်ရာ တုန့်ပြန်မှုမရလေ။ ရင်ထဲက ကြိတ်မနိုင်ခဲမရနိုင်ဖြစ်လေ။

"စာရေးပါ စာရေးပါဆိုတော့ တစ်နှစ်တစ်အုပ်ကို ဖျစ်ဖျစ်ညှစ်ညှစ်ရယ်၊ ရုံးက ရတာ လည်း တစ်လငါးရာတောင် ပြည့်တာမှုတ်ဘူး။ ဒီထဲက စာအုပ်ဖိုးက တစ်လ လေးငါးဆယ်၊ ဒီခေတ်မှာ ဘယ်သူမှ စာအုပ်အပိုင် မဝယ်ကြတော့ဘူး ကိုကိုရဲ့ သိလား။ ငှားပဲ ဖတ်ကြတော့တာ။ သူများမှာတော့ ရတာ လေးနဲ့ စေ့ငှအောင် မနည်းခြစ်ခြုတ်သုံးရတာ ဦးနှောက်ကို ခြောက်လို့၊ ရောမမြို့ကြီး မီးလောင်တာကို စောင်းတီးမပျက် ကြည့်နေတဲ့ နီရိုးဘုရင်ကြီးလိုပဲ စုစု ဘာတွေဖြစ်နေနေ ကိုကို ကတော့ စာအုပ်နဲ့ မျက်နှာအပ်နေရက်တာပဲ။ စိတ်နဲ့လူနဲ့ အတူတူမှ မရှိတာ၊ မောင်မောင်ဆိုရင် မျက်စိအောက်တင် ထောင်တက်သွားတာ၊ ကိုယ့်နောက်မှ အိမ်ထောင်ကျတဲ့လူ ခု သားရှင်ပြုနေပြီ ဒီမှာတော့ ကလေးသုံးယောက်၊ စာအုပ်တပုံတပင်နဲ့ ထွေးလားလုံးလား"

စုစုထားသည် ပြောရင်းဆိုရင်း ငိုသံပါလာ၏ ။ အကျႌလည်ပင်းကွပ်ပေါ်မှ ချုပ်ရိုးတို့ တောင် တစ်ချက် မြောက်တစ်ချက် ထိုးထိုးထောင်ထောင် ဖြစ်လာသည်ကို မျက်ရည်ကြားမှ ဝေဝေဝါးဝါး မြင်ရလေသည်။ ငိုသံပျောက်အောင် တစ်ချက်နှစ်ချက်မျှ ကြိတ်၍ ရှိုက်မိသည်။

"ဟင်း နောက်တစ်ယောက်မွေးဖို့လည်း နေ့လားညလားမသိ ရက်စေ့နေတာတောင် ခုထိ ဘာမှ အသင့်ပြင်ဖို့ စိတ်မကူးသေးဘူး။ အနှီးမရှိ၊ ပေါင်ဒါမရှိ၊ ပျားရည်မရှိ၊ သမဝါယမဆိုင်က ပလပ်စတစ်ရှတင်တွေ အလွတ်ရောင်းနေတာတောင် မဝယ်ဖြစ်ဘူး။ ဒါတွေပြောရင် သိပ်စိတ်ညစ်မယ်လေလို့ နေလာတာ သူက အလိုက်မသိတဲ့အပြင် စာအုပ်တွေ လေးငါးဆယ်ဖိုးများ ဝယ်ဖို့ စိတ်ကူးရက်သေးတယ်။ ဒီက မရှိ ရှိတဲ့ အစုတ်ပလုပ်တွေ ရှာဖွေပြီး ကြံဖန်ချုပ်လုပ်နေတာကို ကြည့် ကောင်းကောင်းနဲ့ ကြည့်နေရက်တယ်။ ဘဝမှာ ဒီလိုနဲ့ မျောနေရတာ ပဲ၊ ကိုယ့်မျက်စိအောက်တင် အိမ်ထောင်ကျသွားတဲ့လူတွေ အောင်မြင်ကြီးပွားနေတဲ့အချိန်မှာ ကိုယ်က စာအုပ်တစ်ပုံ ကလေး တစ်လှေတိုက်နဲ့ ကမ်းမမြင် လမ်းမမြင် မျောတုန်း"

နောက်ဆုံးစကားစုတို့သည် ရှိုက်သံတစ်ဝက်နှင့် ဗလုံးဗထွေး ထွက်လာ၏ ။ အိမ်ရှေ့မှ တဒုန်းဒုန်းနှင့် လျှောက်လာသော ကိုကို့ခြေသံ ပြင်းပြင်းကို ကြားရသည်။

သည့်နောက် ဒေါသခိုးလျှံ၍ မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် စုစုထားရှေ့မှာ ကိုကို လာရပ်သည်။

သည့်နောက် ...

ဒေါသ၊ မာန၊ ပဋိပက္ခ။

သည့်နောက် ... သည့်နောက် ...